# ဝဲနာများ

**ဝဲနာများဆိုသည်မှာအဘယ်နည်း။**

ဝဲနာများဆိုသည်မှာ ကမျဉ်းကောင်များဟုခေါ်သောအလွန်သေးငယ်သည့်ကပ်ပါးကောင်လေးများမှ ဖြစ်ပေါ်လာစေသော ကူးစက်တတ်သောအရေပြားရောဂါ တစ်ခုဖြစ်ပါသည်။

**ဝဲနာများ၏ရောဂါလက္ခဏာများကိုဖော်ပြပါ။**

ဝဲနာရောဂါဖြစ်ပေါ်စေသော ကမျဉ်းကောင်များသည် အရေပြားအောက်တွင် တူးဖောက်နေထိုင်ကြပြီးအရေပြားကိုစပ်ဖျဉ်းဖျဉ်းဖြစ်စေခြင်း၊ ဆိုးရွားသောယားယံမှုကို ဖြစ်ပေါ်စေခြင်း နှင့် ဝက်ခြံများနှင့်တူသည့်သေးငယ်သောအဖုအပိမ့်များကို ဖြစ်ပေါ်စေပါသည်။ ဤအရည်များပါဝင်သောဝက်ခြံများကွေ့ကောက်သောအကြောင်း များနှင့်ဆင်တူပြီး မကြာခဏဆိုသလို ပင်လက်ချောင်းများကြား သို့မဟုတ် လက်ကောက်ဝတ်များ၊ တံတောင်ဆစ်များ၊ ဂျိုင်းနှစ်ဖက်၊ ရင်သားနှစ်ဖက်၊ ခါး၊ လိင်အင်္ဂါ၊ ပေါင်တံများ၊ နို့သီးထိပ်များ၊ တင်ပါးအောက်ဖက်များ နှင့် ဝမ်းဗိုက်တို့တွင်ဖြစ်လေ့ရှိပါသည်။ ယားယံမှုသည် အလွန် ပြင်းထန်ပြီးအထူးသဖြင့်ညဖက်အချိန်တွင်ဖြစ်ပါသည်။ အနီကွက်ကလေးများသည် ခန္ဓာကိုယ်၏နေရာအနှံ့တွင်လည်း ဖြစ်ပေါ် နိုင်ပါသည်။

**လူတစ်ယောက်သည်မည်သို့ဖြင့်ဝဲနာများရရှိလာနိုင်သနည်း။**

လူတစ်ယောက်သည် ဝဲနာရှိသောလူတစ်ဦး၏အရေပြားကိုထိမိခြင်းအားဖြင့် ဝဲနာများကိုရရှိလာနိုင်ပါသည်။ ဝဲနာရောဂါသည်ထိုရောဂါကူးစက်ခံထားရသော သူတစ်ဦးနှင့်တိုက်ရိုက်အရေပြားမှအရေပြားထိတွေ့ခြင်းအားဖြင့်ကူးစက်ပါသည်။ ဝဲနာရောဂါသည်ထိုရောဂါကူးစက်ခံထားရသောသူတစ်ဦး၏အဝတ်အစား သို့မဟုတ် အိပ်ရာထိုင်ခင်းကိုထိမိခြင်းအားဖြင့် တစ်ဦးမှတစ်ဦးသို့ကူးစက်ပျံ့နှံ့သွားနိုင်ပါသေးသည်။ ဤရောဂါသည်အရေပြားနှင့်အရေပြားထိတွေ့မိခြင်းအားဖြင့်ကူးစက်သဖြင့် လိင်ဆက်ဆံခြင်းအားဖြင့်လည်း ကူးစက်နိုင်ပါသည်။

**ဝဲနာရောဂါ၏လက္ခဏာများပေါ်ထွက်လာချိန်သည်မည်မျှကြာမြင့်သနည်း။**

ဝဲနာရောဂါ၏လက္ခဏာများသည်လူတစ်ဦးမှရောဂါနှင့်ပထမအကြိမ်ထိတွေ့ပြီးနောက်ပိုင်း ၂ ပတ်မှ ၆ ပတ်တွင် ပေါ်ထွက်လာလေ့ရှိပါသည်။ ထိုရောဂါနှင့် ထိတွေ့ခြင်းခံရမှုသည်တစ်ကြိမ်ထက်ပိုနေပါက ထိုသူသည် ထိုနောက်ဆက်တွဲထပ်မံ ထိတွေ့ ကူးစက်ချိန် တစ်ရက်မှလေးရက်အတွင်းတွင် ရောဂါလက္ခဏာများကို ခံစားရမည်ဖြစ်ပါသည်။ မှတ်သားရန် တစ်ခုမှာရောဂါ ကူးစက်ခံနေရသော သူတစ်ဦးသည် ယင်းထံတွင်ရောဂါလက္ခဏာများ မရှိနေသည့်တိုင်အောင်အခြားသူများကို ဝဲနာရောဂါများပျံ့နှံ့ပေးနိုင်ပါသည်။

**လူတစ်ယောက်သည်ဝဲနာရောဂါများကိုအခြားသူများထံသို့မည်မျှကြာကြာပျံ့ပွားစေနိုင်ပါသနည်း။**

ကူးစက်ခံထားရသည့်သူတစ်ဦးသည်ယင်းထံတွင်ရှိသော ကမျဉ်းကောင်များနှင့်ကမျဉ်းကောင်ဥများအားလုံးအားဆေးကုခံယူခြင်းဖြင့်ဖျက်ဆီးပစ်နိုင်ချိန်ထိ ဝဲနာရောဂါများကိုပျံ့နှံ့စေနိုင်ပါသည်။ သာမာန်အားဖြင့် လူတစ်ယောက်သည် ပထမဆုံးဆေးကုသမှုခံယူပြီး ၂၄နာရီအတွင်းတွင်ရောဂါကူးစက်ခံရခြင်းမရှိတော့ပေ။

**ဝဲနာရောဂါများကိုမည်သို့ရှာဖွေဖော်ထုတ်နိုင်ပါသနည်း။**

ဆရာဝန်တစ်ဦးသည်ဝဲနာရောဂါကိုစစ်ဆေးပေးနိုင်ပါသည်။ လူတစ်ယောက်သည်ဝဲနာရောဂါများရှိမရှိဆိုသည်ကို ရှာဖွေရန်အတွက်ဆရာဝန်သည်တခါတရံတွင် အရေပြားအပိုင်း အစအချို့ကိုခွာချပြီးအဏုကြည့်မှန်ပြောင်းအောက်တွင်ဝဲနာရောဂါဖြစ်ပေါ်စေသောကမျဉ်းကောင်များကိုရှာဖွေလေ့ရှိပါသည်။ တခါတရံတွင်ဆရာဝန်သည် လူတစ်ဦး၏အရေပြားကိုကြည့်ရုံဖြင့်ပင်ဝဲနာရောဂါရှိမရှိဆိုသည်ကိုကောက်ချက်ချနိုင်ပါသည်။

## ဝဲနာရောဂါအားမည်သို့တားဆီးနိုင်ပါသနည်း။

ကူးစက်ခံထားရသောသူတစ်ဦးစီနှင့်ယင်းတို့၏ပစ္စည်းများ၊ အထူးသဖြင့်အဝတ်အစားများနှင့် အိပ်ရာအိပ်ခင်းတို့ အားခန္ဓာကိုယ်ဖြင့် ထိတွေ့မိခြင်းကိုရှောင်ရှားခြင်းအားဖြင့်ဝဲနာရောဂါအား ကာကွယ်နိုင်ပါသည်။ ကူးစက်ခံရသောသူများသည် စောစီးစွာရောဂါရှာဖွေတွေ့ရှိခြင်း၊မှန်ကန်သောဆေးကုသခံယူခြင်း နှင့် ထိတွေ့ဆက်ဆံခြင်းတို့သည်ဝဲနာရောဂါဖြစ်ပေးလာမှုကို ကာကွယ်နိုင်ပါသည်။

## ဝဲနာရောဂါအားကုသမှုဆိုသည်မှာအဘယ်နည်း။

ဝဲနာရောဂါကိုကုသရန်အတွက်အသုံးပြုသောဆေးဝါးများအား *စကေဘီဆိုဒ်စ်* ***(scabicides)*** ဟုခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည်ဝဲနာရောဂါကိုဖြစ်ပေါ်စေသော ကမျဉ်းကောင်များကိုဖျက်ဆီးသတ်ဖြတ်ပေးသောကြောင့် ဖြစ်ပါသည်။ အချို့တို့ သည်ဥများကိုလည်းဖျက်ဆီးပစ်ပေးပါသည်။ ဝဲနာရောဂါအား အိုက်ဗာမတ်တင် (Ivermectin) (စားဆေး) သို့မဟုတ် ပါမီသရင်း **(Permethrin)** (ခန္ဓာကိုယ်လိမ်းဆေး) တို့ဖြင့်ကုသနိုင်ပါသည်။ မွေးကာစကလေးများနှင့် လမ်းလျှောက်တတ်ခါစကလေးများအတွက် ပါမီသရင်း (Permethrin) ၅%ကိုပေးရန်အကြံပြုပါသည်။ ဆရာဝန်မှ မည်သည့် ဆေးကုသမှုသည်အကောင်းဆုံးဖြစ်သည်ကိုဆုံးဖြတ်ရာတွင် အကူအညီပေးပါလိမ့်မည်။ ဆရာဝန်၊ ဆေးဝါးကျွမ်းကျင်သူနှင့်ဆေးတံဆိပ်များမှဖော်ပြထားသောမှာကြားချက်များကို အမြဲတစေအတိအကျလိုက်နာသင့်ပါသည်။ အလွန်အကျွံ ဆေးကုသမှုသည်အဆိပ်အတောက်ကိုဖြစ်စေနိုင်ပါသည်။ ကူးစက်ခံရသောသူများသည် ရောဂါရှာဖွေစစ်ဆေးပြီး နောက်ဖြစ်နိုင်လျှင်ဖြစ်နိုင်သမျှဆောလျင်စွာ ဆေးညွှန်းတွင်ဖော်ပြထားသော ဆေးဝါးများဖြင့်ကုသမှုကိုခံယူသင့်ပါသည်။ ဝဲနာရောဂါကုသရန်အတွက်ဆေးစာမဲ့ဆေးဝယ်နိုင်ခြင်းမရှိပေ။ တိရိစ္ဆာန်များ အတွက်ရည်ရွယ်သောဆေးဝါးများအား လူများကိုကုသရန်အတွက်အသုံးပြုခြင်းမပြုရပါ။

လူကြီးများအတွက် ဝဲနာကရင်မ် သို့မဟုတ် လိမ်းဆေးရည်များကိုခေါင်းနှင့်လည်ပင်းမှလွဲ၍ ခန္ဓာကိုယ်၏နေရာအနှံ့တွင် လိမ်းကျံပေးရမည်ဖြစ်ပါသည်။ မွေးကင်းစကလေးများနှင့် ငယ်ရွယ်သောကလေးများအတွက်မူ ထိုဆေးခေါင်းနှင့်လည်ပင်း အပါအဝင်ခန္ဓာကိုယ်နေရာအနှံ့တွင်လိမ်းကျံပေးရမည်ဖြစ်ပါသည်။ ထိုဆေးများကို မှာကြားထားသောအချိန်အတိုင်းအတာ တစ်ခုအထိခန္ဓာကိုယ်ပေါ်တွင်ထားရှိရန်လိုအပ်မည်ဖြစ်ပြီးနောက် ရေလောင်းချိုးခြင်း သို့မဟုတ် ရေပန်းဖြင့်ချိုးခြင်းဖြင့် ဆေးပစ်လိုက်နိုင်ပါသည်။ ထိုသို့ကုသမှုခံယူပြီးနောက်တွင်သန့်ရှင်းသောအဝတ်အစားများကို ဝတ်ဆင် ရပါမည်။ အိပ်ရာထိုင်ခင်းများ၊ အဝတ်အစားများ၊ အောက်ခံအဝတ်အစားများ နှင့်လျှော်ချည်ပိတ်များကိုလျှော်ဖွပ်ကာ အခြောက်ခံရပါမည်။ အလွယ်တကူလျှော်ရန်နှင့် အခြောက်ခံရန်မလွယ်ကူသော မိမိကိုယ်ပိုင်ပစ္စည်းများအားပိတ်ထားသောပလပ်စတစ်အိပ် ထဲတွင်အနည်းဆုံး ၅ရက်ထားရှိရပါမည်။ ကြမ်းခင်းများအားတိုက်ပြီး ကော်ဇောခင်းများနှင့် ပရိဘောဂများကို ဖုန်စုပ်စက်ဖြင့် မှုတ်ရပါမည်။

ရောဂါကူးစက်ခံရသောသူသည်အလုပ်သို့မဟုတ် ကျောင်းအပါအဝင် လူမှုရေးကိစ္စများကိုပထမဆုံး ဆေးကုသမှု ခံယူပြီးချိန်မှနောက် ၂၄နာရီအတွင်းတွင်ရှောင်ရှားသင့်ပါသည်။ ဆေးကုသမှုခံယူပြီးနောက်၁ပတ်မှနှစ်ပတ်အတွင်းတွင် ယားယံမှုဆက်လက်ရှိ နေခြင်းမှာသာမာန်ပင်ဖြစ်ပါသည်။ အကယ်၍ယားနာမှုသည်၂ပတ် မှ ၄ပတ် နောက်ပိုင်းတွင် ဆက်လက်ဖြစ်ပေါ်နေပါက ထပ်မံ ဆေးကုသမှုကိုခံယူရန်လိုအပ်ပါလိမ့်မည်။

ဝဲနာရောဂါဆေးဝါးကုသခံခြင်းအားအိမ်သူအိမ်သားများအတွက်လည်းကောင်း၊ ရောဂါကူးစက်ခံရသူ(များ)နှင့်လိင်ဆက်ဆံမှုပြုသူများအတွက်လည်းကောင်း ပြုလုပ်ရန်ထောက်ခံအကြံပေးအပ်ပါသည်။ နောက်ထပ်ကူးစက်ခံရမှုကိုကာကွယ်ရန်အတွက် လူတိုင်းသည်တစ်ချိန်တည်းတွင်ကုသခံရပါမည်။

ဝဲနာရောဂါများအတွက်အချက်အလက်များကိုပို၍သိလိုပါက
**http://cdc.gov/scabies/** သို့သွားပါ။